# ၁၉၂၀ မှ ၁၉၃၀ အတွင်း
# မြန်မာစာပေဖွံ့ဖြိုးတိုးတက်မှု

ပါရဂူ(PhD)ဘွဲ့အတွက် တင်သွင်းသောကျမ်း


မအေးနုကြည်

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်



၂၀၀၆ခုနှစ်၊ ဇူလိုင်လ

# ကျမ်းအကျဉ်း

"၁၉၂၀ မှ ၁၉၃၀ အတွင်း မြန်မာစာပေဖွံ့ဖြိုးတိုးတက်မှု" ကျမ်းသည် ကိုလိုနီခေတ် မြန်မာစာပေ၏ အခန်းကဏ္ဍတစ်ခုကို ဖော်ထုတ်ရန် ရည်ရွယ်ထားသော ကျမ်းတစ်စောင် ဖြစ်ပါသည်။

ဤကျမ်းတွင် ၁၉၂၀ မှ ၁၉၃၀ အတွင်းပေါ်ပေါက်လာခဲ့သော စာပေတို့ကို နိုင်ငံရေး နောက်ခံဖြင့် ထင်ဟပ်ကာလေ့လာထားပါသည်။ အထူးသဖြင့် အမျိုးသားရေး၊ နယ်ချဲ့ဆန့်ကျင်ရေး လှုံ့ဆော်မှုဖြင့် အသက်ဝင်လာသော စာပေတို့ကို အပိုင်းကဏ္ဍများခွဲခြားပြီး လေ့လာတင်ပြထားပါသည်။

ခွဲခြားထားသော အပိုင်းကဏ္ဍများမှာ အခန်း (၁) တွင် ၁၉၂၀ မှ ၁၉၃၀ အတွင်း မြန်မာနိုင်ငံ၏ နောက်ခံသမိုင်း၊ အခန်း (၂) တွင် ဝတ္ထုရှည်၊ အခန်း (၃) တွင် ဝတ္ထုတို၊ အခန်း (၄) တွင် ကဗျာလင်္ကာ၊ သီချင်း(ဂီတ)၊ အခန်း (၅) တွင် ပြဇာတ်၊ အခန်း (၆) တွင် စကားပြေတို့ ဖြစ်သည်။

ထိုသို့ လေ့လာခြင်းဖြင့် ၁၉၂၀ မှ ၁၉၃၀ အတွင်း မြန်မာစာပေ၏ အခြေအနေကို ရုပ်လုံး ဖော်ပြနိုင်မည်ဟု မျှော်လင့်မိပါသည်။